# Twentieth Sunday in Ordinary Time (C)

**1st READING:** ***Jer 38:4-6, 8-10***
ယေရမိအနာဂတ္တိကျမ်း 38: 4-6, 8-10

ထိုမှူးမတ်တို့သည်ရှင်ဘုရင်ထံသို့ဝင်၍၊ဤသူသည်ဤသို့သောစကားကိုပြောသဖြင့်၊မြို့ထဲမှာကျန်ကြွင်းသေးသော စစ်သူရဲအစရှိသောလူအပေါင်းတို့၏လက်ကိုအားလျော့စေတတ်ပါ၏။ သူသည်ဤလူမျိုး၏အကျိုးကို မပြုစုတတ်၊ ဖျက်ဆီးတတ်ပါ၏။ ထိုကြောင့်၊ သူ့ကိုကွပ်မျက်ပါမည်အကြောင်း အခွင့်တောင်းပန်ပါ၏ဟုလျှောက်လျှင်၊ ဇေဒကိမင်းကြီးက၊ သူသည် သင်တို့လက်၌ရှိ၏။ ရှင်ဘုရင်သည်သင်တို့ အလိုကိုမဆီးတားနိုင်ဟု မိန့်တော် မူ၏။ထိုအခါယေရမိကိုယူ၍၊ထောင်ဝင်းထဲမှာရှိသောသားတော်မာလခိ၏မြေတွင်း၌ကြိုးနှင့်လျော့ချကြ၏။ ထိုမြေတွင်း၌ရေမရှိ၊ ရွှံ့သာရှိ၍၊ ယေရမိသည် ရွှံ့၌ကျွံလျက်နေ၏။ ထိုသူသည် နန်းတော်ထဲက ထွက်၍ အထံတော်သို့သွားပြီးလျှင်၊ အကျွန်ုပ်သခင်အရှင်မင်းကြီး၊ ထိုသူတို့သည်ပရောဖက်ယေရမိကိုပြုလေသမျှတို့၌ မှားကြပါပြီ။ မြေတွင်း၌ချထားကြပါပြီ။ မြို့၌မုန့်ကုန်သောကြောင့်၊ ထိုတွင်း၌ ငတ်မွတ်၍သေပါလိမ့်မည်ဟု လျှောက်သော်၊ ရှင်ဘုရင်က၊ ပရောဖက်ယေရမိမသေမီ ဤအရပ်မှ လူသုံးဆယ်ကိုခေါ်သွား၍၊ မြေတွင်းထဲက နှုတ်ယူလော့ဟု၊ ကုရှအမျိုးသား ဧဗဒမေလက်ကို အမိန့်တော်ရှိ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm    Psalms 40: 2,3,4,18

ဆာလံကျမ်း ၄၀

**သံပြိုင်။** ။ အိုထာဝရဘုရား၊ တပည့်တော်ကိုကူညီမစရန်အလျှင်အမြန်ကြွလာတော်မူပါ။
Lord, come to my aid!

၁။ ။ ငါသည်ထာဝရဘုရားကိုစိတ်ရှည်သည်းခံခြင်းနှင့်စောင့်ငံ့လျက်နေ၏။ ကိုယ်တော်သည်ရှေနားတော်စွင့်တော်မူ၍၊
ငါ၏အော်ဟစ်သံကိုကြားတော်မူ၏။ **(သံပြိုင်)**
I have waited, waited for the LORD, and he stooped toward me.

၂။ ။ ကိုယ်တော်သည်ငါ့ကိုကြောက်မက်ဖွယ်ကောင်းသော တွင်းနက်နှင့်ရွှံ့နွံထဲမှဆယ်ထုတ်တော်မူပြီးလျှင်ငါ၏
ခြေတို့ကို ကျောက်ဆောင်ပေါ်တင်၍၊ခြေလှမ်းများကို ခိုင်မြဲစေတော်မူခဲ့၏။**(သံပြိုင်)**
The LORD heard my cry. He drew me out of the pit of destruction, out of the mud of the swamp;
he set my feet upon a crag; he made firm my steps.

၃။ ။ ငါတို့၏ဘုရားသခင်အားချီးမွမ်းရာသီချင်းသစ်ကိုကိုယ်တော်သည်ငါ၏နှုတ်တွင်သွင်းပေးတော်မူ၏။ လူအများတို့
သည်မြင်ရကြပြီး၊ကြောက်ရွံ့ကြလျက်ထာဝရဘုရားအားကိုးစားကြလိမ့်မည်။ **(သံပြိုင်)**
And he put a new song into my mouth, a hymn to our God. Many shall look on in awe and trust in the LORD.

၄။ ။ တပည့်တော်သည်ဆင်းရဲချို့တဲ့သူဖြစ်ပါ၏။တပည့်တော်ကိုအောက်မေ့သတိရတော်မူပါ။ကိုယ်တော်သည်တပည့်
တော်ကိုကူညီမစတော်မူသောအရှင်တပည့်တော်၏ကယ်တင်ရှင်ဖြစ်တော်မူ၍၊ နှောင့်နှေးခြင်းရှိတော်မမူပါနှင့်။ အိုကျွန်ုပ်
၏ဘုရားသခင်။ **(သံပြိုင်)**
Though I am afflicted and poor, yet the LORD thinks of me. You are my help and my deliverer;
O my God, hold not back!

## 2nd READING: *Heb 12: 1-4*

ဟီဘရူးသြဝါဒစာ ၁၂း ၁–၄

ငါတို့ပတ်လည်၌ဤမျှများပြားလှစွာသောသက်သေများဝိုင်းရံလျက်ရှိသည်ဖြစ်၍ငတို့အားဝန်ပိစေသည့်ခပ်သိမ်းသောအရာတို့ကိုလည်းကောင်း၊ ငါတို့၌ညှိတွယ်နေသည့်အပြစ်ဒုစရိုက်ကိုလည်းကောင်းဖယ်ရှားပြီးလျှင်ငါတို့ရှေ့မှောက်တွင်ရှိသောပန်းတိုင်သို့ရောက်ခြင်းငှါခွဲလုံးလဖြင့်ပြေးကြကုန်အံ့။ငါတို့၏ယုံကြည်ခြင်းတရားကိုအစပျိုးခဲ့၍စုံလင်ခြင်းသို့ရောက်သည့်တိုင်အောင်ဦးဆောင်ပေးသောယေရှုသခင်ကိုမျက်မှောက်ပြုကြကုန်အံ့။ကိုယ်တော်သည်မိမိခံစားရမည့်ဝမ်းမြောက်ခြင်းအတွက်လက်ဝါးကပ်တိုင်တင်ခြင်းကိုရှက်ဖွယ်ရာအဖြစ်မှတ် တာ်မမူဘဲလက်ဝါးကပ်တိုင်ပေါ်တွင်အသေခံပြီးလျှင်ဘုရားသခင်၏ပလ္လင်တော်လက်ယာဖက်တွင်စံပယ်တော်မူ၏။ အပြစ်ရှိသောသူတို့၏မုန်းတီးဆန့်ကျင်မှုကြောင့်ကိုယ်တော်သည်မည်မျှလောက်ဒုက္ခခံရတော်မူကြောင်းကိုထောက်ရှုစဉ်းစားကြည့်ကာစိတ်ပျက်အားလျော့ခြင်းမရှိကြလေနှင့်။ သင်တို့သည်အပြစ်ဒုစရိုက်ကိုတွန်းလှန်တိုက်ခိုက်ကြရာတွင်သွေးမြေကျသည်အထိခုခံတိုက်ခိုက်နေရသေးသည်မဟုတ်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Luke 12:49-53***
ရှင်လုကာဧဝံဂေလိကျမ်း ၁၂း ၄၉–၅၃

မြေပေါ်တွင်မီးတောက်လောင်စေခြင်းငှာငါလာ၏။ ယခုပင်မီးစတင်တောက်လောင်ရန်ငါအလိုရှိလေပြီ။ ငါခံယူမည့်ဆေးကြောခြင်းတစ်ပါးရှိ၏။ ငါသည်ဤအမှုကိုပြီးစီးအောင်မဆောင်ရွက်ရမချင်းစိတ်ဒုက္ခခံစားရ၏။ ငါသည်ဤကမ္ဘာပေါ်သို့ငြိမ်းချမ်းသာယာခြင်းကိုယူဆောင်လာသည်ဟုသင်တို့ထင်မှတ်ကြသလော။ထိုသို့မဟုတ်။သင်တို့အားငါဆိုသည်ကားစိတ်ဝမ်းကွဲပြားစေခြင်းငှာငါလာ၏။အကြောင်းမူကား၊ယခုအချိန်မှစ၍လူငါးယောက်ရှိသောအိမ်ထောင်စုတွင်စိတ်ဝမ်းကွဲပြားခြင်းရှိ၍သုံးယောက်နှင့်နှစ်ယောက်၊ နှစ်ယောက်နှင့်သုံးယောက်တစ်ဖက်စီစိတ်ဝမ်းကွဲကြလိမ့်မည်။ ဖခင်သည်သား ကို၊သားသည်ဖခင်ကို၊မိခင်သည်သမီးကို၊သမီးသည်မိခင်ကို၊ယောက္ခမသည်ချွေးမကို၊ချွေးမသည်ယောက္ခမကိုဆန့်ကျင်ဘက်ပြုကြလိမ့်မည်ဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။